ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
# (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၃၆ / ၂၀၁၀)
# ၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
# (၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့်ဥဒေဟု ခေါ်တွင်စေရမည်။

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) တိရစ္ဆာန်ဆိုသည်မှာ နို့တိုက်သတ္တဝါ၊ ငှက် သို့မဟုတ် ပျားကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်း ပါဝင်သည်။

(ခ) တိရစ္ဆာန်ထွက်ပစ္စည်း ဆိုသည်မှာ တိရစ္ဆာန်မှထွက်ရှိသော နို့၊ ဥ သို့မဟုတ် တိရစ္ဆာန်၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့် ပျားအုံမှ ရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။”

၂။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(င) ထောက်ခံချက်လက်မှတ် ဆိုသည်မှာ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပမှ တင်သွင်းခြင်းအတွက် ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ခြင်းအတွက်ဖြစ်စေ ဦးစီးဌာနက သတ်မှတ်ချက်များ

နှင့်အညီ စစ်ဆေးပြီး ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။”

၄။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (ဆ)နှင့် (ဇ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဆ) တိရစ္ဆာန်မှတဆင့် လူကိုကူးစက်နိုင်သောရောဂါများ ကာကွယ် ထိန်းချုပ်ခြင်းနှင့် အများပြည်သူ ကျန်းမာရေးအတွက် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများကို စစ်ဆေးခြင်းတို့ပါဝင်သော တိရစ္ဆာန် ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(ဇ) ပျားမွေးမြူခြင်းဆိုင်ရာလုပ်ငန်းများကို စီမံဆောင်ရွက်ခြင်း။”

၅။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၀။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပမှ တင်သွင်းသူသည် တင်သွင်းမည့်ပစ္စည်းနှင့် စပ်လျဉ်း၍ -

(က) သက်ဆိုင်ရာအစိုးရဌာနသို့ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်လျှောက်ထားခြင်းမပြုမီ တင်သွင်းခွင့်ရရှိရေးအတွက် သတ်မှတ်ထားသည့်နည်းလမ်းနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထား၍ ထောက်ခံချက်လက်မှတ် ရယူရမည်။

(ခ) ပြည်ပမှတင်သွင်းသဖြင့် ရောက်ရှိလာသည့်အခါတွင် ဖြစ်စေ၊ မိမိနှင့်တစ်ပါတည်း ပြည်ပမှ ယူဆောင်လာသည့် အခါတွင်ဖြစ်စေ ဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။”

၆။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဂ) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ပြည်ပမှ တင်သွင်းရောက်ရှိလာသည့် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာနှင့် စပ်လျဉ်း၍ -

(၁) လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ဦးစီးဌာနသို့ အမြန်ဆက်သွယ်အကြောင်းကြားရမည်။

(၂) ဦးစီးဌာနက ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ)အရ ထုတ်ပေးသည့်

ထောက်ခံချက်လက်မှတ် တင်ပြမှသာ တင်သွင်းသယ်ဆောင်လာသူအား ယင်းတို့ကို ထုတ်ပေးခြင်း သို့မဟုတ် ဆက်လက်သယ်ယူခွင့်ပေးခြင်း ပြုရမည်။

(၃) ဦးစီးဌာနက ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဃ) အရ ထုတ်ပေးသည့် ထောက်ခံချက်လက်မှတ် တင်ပြနိုင်ခြင်းမရှိလျှင် လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ယင်းတို့ကို ဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။"

၇။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ)၏ နောက်တွင် ပုဒ်မခွဲ (င)၊ (စ)နှင့် (ဆ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းနှင့် အများပြည်သူကျန်းမာရေးအတွက် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများကို စစ်ဆေးခြင်းတို့ ပါဝင်သော တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(စ) တိရစ္ဆာန်မွေးမြူခြင်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းတင်ထားခြင်းတို့ကို ပြုလုပ်ရမည်။

(ဆ) ပျားမွေးမြူခြင်းနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါ ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ပျားစားကျက်ကို မျှတစွာခွဲဝေ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းများကို လိုအပ်သလို စီမံဆောင်ရွက်နိုင်သည်။"

၈။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ တို့တွင် ပါရှိသည့် "ငွေဒဏ်ကျပ် ၅၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၆ လအထိ ဖြစ်စေ"ဆိုသည့်စကားရပ်များကို "ကျပ် ၅၀၀၀၀ ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ၁ နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၂၅ တွင် ပါရှိသည့် "ငွေဒဏ်ကျပ် ၁၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ကျပ် ၅၀၀၀၀ ထက် မပိုသော ငွေဒဏ်

ဖြစ်စေ၊ ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၉။ တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာကို ပြည်ပမှ တင်သွင်းခြင်းဖြစ်စေ၊ ပြည်ပသို့ တင်ပို့ခြင်းဖြစ်စေ ပြုလိုသူသည် လိုင်စင် သို့မဟုတ် ပါမစ်ရရှိရန် သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ပါမစ် ရရှိရန် သက်ဆိုင်ရာလိုင်စင် သို့မဟုတ် ပါမစ် ထုတ်ပေးပိုင်ခွင့်ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းသို့ လျှောက်ထားသည့်အခါ ထောက်ခံချက်လက်မှတ် ပူးတွဲတင်ပြရမည်။”

**ဥက္ကဋ္ဌ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**